ငါကိုယ်တော့်ထံမှ တစ်စုံတစ်ရာကို ကြားသိခဲ့ပြီး

ထိုအကြောင်းအရာကို ကြားသိခဲ့သည့်အတိုင်း (အခြားသူများထံ) ပို့ဆောင်ပေးသော သူအား

အလ္လာဟ်အရှင်မြတ်သည်

ရွှင်လန်းသာယာစေတော်မူပါစေသတည်း။ တစ်ခါတစ်ရံ

ပို့ဆောင်ခံရသူတို့သည် ပို့ဆောင်သူများထက်

ပိုမိုနားလည် သဘော ပေါက်တတ်ကြသောကြောင့် ဖြစ်သည်"။

အဗ်ဒုလ္လာဟ်ဗင်န် မတ်စ်အူးဒ်(ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ ကျွန်ုပ်သည်အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)
မိန့်ကြားတော်မူသည်ကို ကြားသိခဲ့သည်။ "ငါကိုယ်တော့်ထံမှ တစ်စုံတစ်ရာကို
ကြားသိခဲ့ပြီး ထိုအကြောင်းအရာကို ကြားသိခဲ့သည့်အတိုင်း (အခြားသူများထံ)
ပို့ဆောင်ပေးသော သူအား အလ္လာဟ်အရှင်မြတ်သည် ရွှင်လန်းသာယာစေတော်မူပါစေသတည်း။
တစ်ခါတစ်ရံ ပို့ဆောင်ခံရသူတို့သည် ပို့ဆောင်သူများထက် ပိုမိုနားလည် သဘော
ပေါက်တတ်ကြသောကြောင့် ဖြစ်သည်"။ [صحيح] [رواه الترمذي وابن ماجه وأحمد]

တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)သည် မိမိ၏ဟဒီးစ်တော်ကို ကြားနာပြီးအလွတ်ကျက်မှတ်ကာ အခြားသူများထံ ပြန်လည်ပို့ဆောင်ပေးသူအတွက် လောကီဘဝ၌နုပျိုတင့်တယ်ခြင်း၊ ရွှင်လန်းဝပြောခြင်း နှင့် နောင်တမလွန်ဘဝ၌ ဂျန္နသ်၏အေးမြခြင်း၊ စိမ်းစိုဝေဆာခြင်း စသော ကောင်းချီးမင်္ဂလာများရရှိရန်ဒုအာပြုပေးတော်မူခဲ့သည်။ အကြောင်းမှာ တစ်ခါတစ်ရံတွင် ဟဒီးစ်ကို လက်ခံရရှိသူသည်မူလကြားနာရသူထက်ပင် ပိုမိုနားလည် သဘောပေါက်တတ်မြောက်ပြီး ဟဒီးစ်မှသိမှတ်ဖွယ်ရာများကို ကောက်နုတ်နိုင်စွမ်း ရှိတတ်သောကြောင့်ဖြစ်သည်။ ဤသို့ဖြင့်ပထမသူသည် အလွတ်ကျက်မှတ်ခြင်းနှင့် ပြန်လည်ပို့ဆောင်ခြင်းကို ကျွမ်းကျင်စွာလုပ်ဆောင်နိုင်ပြီး ဒုတိယသူသည် ဟဒီးစ်တော်၏ အလိုသဘောအဓိပ္ပါယ်ကိုနားလည်သဘောပေါက်ခြင်းနှင့် အချက်အလက်များ ကောက်နုတ်ခြင်းကို ကျွမ်းကျင်စွာလုပ်ဆောင်နိုင်စွမ်းရှိသည်။

http://www.sunnah.global/hadeeth/my/show/6820